**ABSDF**

**All Burma Students' Democratic Front**

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး
(ကျောင်းသားတပ်မတော်) မှ

## ၅၈ ကြိမ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သော သဝဏ်လွှာ

ယနေ့ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကျရောက်သော ၅၈ ကြိမ်မြောက် ချင်းအမျိုးသားနေ့ ၌ အမိနိုင်ငံတော်အတွင်း နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာသို့ ရောက်ရှိနေကြသော ချင်းအမျိုးသားများ အားလုံး ကာယသုခ၊ စိတ္တသုခ အဝဝတို့ဖြင့် ပြည့်ဝကြပါစေကြောင်း မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ကျောင်းသားတပ်မတော်) က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယနေ့အချိန်ကာလတွင် ချင်းအမျိုးသားများ အပါအဝင် လူမျိုးပေါင်းစုံ အသီးသီးသည် နိုင်ငံရေး၊ စစ်ရေး စသော တိုက်ပွဲသဏ္ဍာန် အမျိုးမျိုးဖြင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်လျက် ရှိနေကြပါသည်။ ယင်းတိုက်ပွဲစဉ် ကာလတစ်လျောက် အာဇာနည်အသီးသီးသည် အသက်၊ သွေး၊ ချွေး၊ ဘဝပေါင်းများစွာအား စွန့်လွှတ် တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုနည်းတူ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကား၊ စာပေ များအားလည်း တိမ်ကောမသွားစေရန်အတွက် အစွမ်းကုန် အားထုတ် ကြိုးပမ်းလျက်ရှိနေကြသည်။

မြန်မာနိုင်ငံအတွင်းရှိ အသီးသီးသော လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံးသည် ဖိနှိပ်သော စစ်အစိုးရ၏ အုပ်စိုးမှုအောက်တွင် နှစ်ကာလပေါင်းများစွာ ခါးစည်းချယ်လှယ်ခံခဲ့ရသည်။ ၁၉၆၂ ခုနှစ်မှစ၍ ပဒေသရာဇ်မင်းဆက်များပမာ အာဏာကို လက်ဆင့်ကမ်း အမွေဆက်ခံလာခဲ့သော စစ်အစိုးရအသီးသီးသည် တိုင်းရင်းသား လူမျိုးအသီးသီး ၏ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးစံ၊ သမိုင်းကြောင်းနောက်ခံ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုများအား အသိအမှတ် မပြုပဲ တဖြည်းဖြည်း တိမ်ကော ပပျောက်သွားစေရန် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသည်။ ရိုးရာအစဉ်အလာ ယဉ်ကျေးမှု ဓလေ့ထုံတမ်းများ ကွယ်ပျောက်မှုသည် လူမျိုးတစ်မျိုး၏ အမျိုးသားရေးလက္ခဏာများ နှင့်အတူ လူမျိုးစုဘဝ ပျက်သုန်းစေမှုပင်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ စုစည်းမှုဖြင့် ဖွဲ့စည်းတည်ဆောက်ရမည့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားရေး လက္ခဏာများကို ဖျက်ဆီးပစ်နေခြင်းလည်း ဖြစ်သည်။

ယနေ့ကာလတွင် ပြည်သူတစ်ရပ်လုံး၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အဓမ္မ သိမ်းပိုက် အနိုင်အထက်ပြုကျင့်နေသော အာဏာရှင် စစ်အစိုးရသည် ၎င်းတို့၏ တရားဝင်မှု နှင့် အနာဂတ်နိုင်ငံတော်အား ၎င်းတို့ စိတ်တိုင်းကျ ချယ်လှယ်နိုင်ရန်အတွက် အတုအယောင် အမျိုးသားညီလာခံအား ထပ်မံခေါ်ယူကာ ၎င်းတို့နှင့် အကျိုးတူ၊ လက်ရွေးစင် ရွေးချယ်ထား သောသူများဖြင့် အနာဂါတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားမဝင် ရေးဆွဲလျက်ရှိနေပါသည်။ ၁၉၉၀ ခုနှစ် မေလ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော NLD နှင့် တိုင်းရင်းသားလူမျိုးစုအသီးသီးအား ကိုယ်စားပြုသော UNLD တို့ ပါဝင်မှုမရှိပဲ အမျိုးသားညီလာခံကို ကျင်းပနေခြင်းအားဖြင့် လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံးအား ဆက်လက်စိန်ခေါ် စော်ကားနေခြင်းဖြစ်သည်။

ပြည်သူလူထု၏ အကျိုးအတွက်၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး အတွက်၊ နိုင်ငံတကာမှ ကမ်းလှမ်းလာသော အကူအညီများကိုလည်း အရှက်မဲ့စွာ ငြင်းပယ်လျက် နိုင်ငံတကာ၏ မျက်ကွယ်သို့ ပုန်းရှောင်ကာ အဆက်အသွယ် ဖြတ်တောက်ရန်ကိုလည်း ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ရည်ရွယ်၍ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသော အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ လက်နက်သိမ်းဆည်းခြင်းများအပြင် အပစ်အခတ်ရပ်စဲရေးကို ဖောက်ဖျက်ကာ ဝင်ရောက်ပစ်ခတ်ခြင်းများ လည်း ပြုလုပ်လျက်ရှိသည်။

နအဖ၏ ဤ ဆောင်ရွက်ချက်များအားလုံးသည် မြန်မာပြည်သူလူထု တစ်ရပ်လုံး နှင့် နိုင်ငံတကာ မှ ငြိမ်းချမ်းရေး လိုလားသူများ လိုလားနေသော တွေ့ဆုံဆွေးနွေးရေးစားပွဲအား ရိုက်ချိုး ဖျက်ဆီးနေခြင်းလည်းဖြစ်သည်။

ဤကဲ့သို့ လူထုတစ်ရပ်လုံးအား စိန်ခေါ် စော်ကားသော နအဖ စစ်အာဏာရှင်အစိုးရအား ချင်းအမျိုးသားများ အပါအဝင် လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ မိမိတို့ မကဒတ (ကျောင်းသားတပ်မတော်) သည် ...

(၁) တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူလူထု တစ်ရပ်လုံး စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေး၊

(၂) ဒီမိုကရေစီ နှင့် လူ့အခွင့်အရေး ရရှိရေး၊

(၃) ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊

(၄) ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး

ဟူသော ဦးတည်ချက်များ ပြီးမြောက် အောင်မြင်သည်အထိ မဆုတ်မနစ် လက်တွဲ တိုက်ပွဲဝင်သွားမည်ဖြစ်ပါသည်။

E-mail : absdfhq@csloxinfo.com

ယနေ့ အခမ်းအနားသို့ တက်ရောက်လာသော ချင်းအမျိုးသားများ၊ အမိ မြေတွင်ရှန်းကန်တိုက်ပွဲဝင်လျက် ရှိသော ချင်းအမျိုးသားများ၊ နိုင်ငံတကာရောက် ချင်းအမျိုးသားများ နှင့်တကွ လူမျိုးပေါင်းစုံ ပြည်သူလူထု တစ်ရပ်လုံး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုသို့ ကျစ်လစ်ခိုင်မာသော တပ်ပေါင်းစုတစ်ရပ်ဖြင့် အောင်ပွဲခံ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ရက်စွဲ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ကျောင်းသားတပ်မတော်)